# KNLA ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်

## ထုတ်ပြန်ကြေညာချက်

ရက်စွဲ – ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်

KNLA – ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်သည် ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး၏နိုင်ငံရေးဦးဆောင်မှု မူဝါဒပေါ်လစီစည်းမျဉ်းစည်းကမ်းများကို အကောင်းဆုံးနှင့်အတတ်နိုင်ဆုံး တစိုက်မတ်မတ်လိုက်နာဆောင်ရွက်ရင်း ကရင်အမျိုးသားများ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသည့် တော်လှန်ရေးတပ်မတော် တစ်ရပ်ဖြစ်သည်။ ကရင်အမျိုးသားတို့၏ ရန်သူဟူသမျှကို ခုခံကာကွယ်ခြင်း ကရင်ပြည်သူလူထု၏ လုံခြုံမှုနှင့်အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း စသည်မတရားဖိနှိပ်မှု အမျိုးမျိုးမှ လွတ်မြောက်ရေးကို အာမခံမည့် လွတ်လပ်သောကရင်ပြည်ရရှိရေးပန်းတိုင်အထိ ရောက်ရှိရန်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သည်မှာ နှစ်ပေါင်း(၇၀)နီးပါးရှိပြီးဖြစ်သည်။ သို့သော်အောင်ပွဲပန်းတိုင်သို့မရောက်ရှိသေးပါ။တိုက်ပွဲဝင်ကြိုးပမ်းနေဆဲကာလပင် ရှိနေပါသည်။

ဖြစ်ပျက်ခဲ့သောအခြေနေအရပ်ရပ်ကို ပြန်လည်သုံးသပ်ပါက မိမိတို့လိုလားတောင့်တသော ကရင့်ကံကြမ္မာကို လက်နက်ကိုင် ပဋိပက္ခဖြေရှင်းနည်းဖြင့်သာ (၆၃)နှစ်တိုင် ကိုင်တွယ်ဖြေရှင်းနေရပြီး ဒုက္ခအဝဝဖြင့် သွေးမြေကျခဲ့ရသည့်လမ်းတွင် မိမိတို့တပ်မတော်က တိုက်ပွဲဝင်လှုပ်ရှားခဲ့ရကြောင်းကို မိမိတို့ထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် ပြန်လည်ဆန်းစစ်မှုပြုကြ၍ ဤကဲ့သို့သောလက်နက်ကိုင်ပဋိပက္ခနည်းဖြင့် ဆက်လက်ဖြေရှင်းသွားပါက စစ်ပွဲသည်ဘယ်တော့မှ ပြီးဆုံးနိုင်မည်မဟုတ်တော့ကြောင်း အဖြေကိုရရှိခဲ့ပါသည်။ ထို့ကြောင့်နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်သို့ ပြန်လည်စတင်လှုပ်ရှားရန်ရွေးချယ်၍ (၁၂/၁/၂၀၁၂) ရက်နေ့မှစ၍ မြန်မာအစိုးရအဖွဲ့နှင့်တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုပြုကြပြီး ပဏာမအပစ်ရပ်သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ယနေ့ချိန်ထိ ပဏာမအပစ်ရပ် သဘောတူထားကြသည့် ကာလသည်(၆)နှစ်ကျော် (၇)နှစ်အတွင်းသို့ ရောက်ရှိလာပြီးဖြစ်သည်။

မိမိတို့ခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးစားပွဲဝိုင်းတွေ့ဆုံဆွေးနွေးမှုများကို ပြန်လည်ဆန်းစစ်မှုပြုပါက တစ်စုံတစ်ရာသော ထူးခြားမှု ကြီးကြီးမားမားမရရှိသေးကြောင်းနှင့် ပြည်သူလူထုများလွတ်လပ်စွာသွားလာကူးသန်းခွင့်နှင့် အဖွဲ့အစည်းတွင်းမှ လူပုဂ္ဂိုလ်တစ်ချို့တို့၏ ကူးသန်းသွားလာ လည်ပတ်ခွင့်စသည့် အတိုင်းအတာတခုကိုသာရရှိခဲ့ပါသည်။ ပြည်သူလူထုများ လွတ်လပ်စွာလုပ်ကိုင်ရောင်းဝယ်ခွင့် စားသောက်နေထိုင်ခွင့်များ လုံလောက်သောအဆင့်အထိအခွင့်အရေးများ မရရှိသေးပါ။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် မိမိတို့အဖွဲ့အစည်းမှ ခေါင်းဆောင်များ, တိုင်းရင်းသားလူမျိုးစု(၈)ဖွဲ့မှ ခေါင်းဆောင်များနှင့် အစိုးရ အဖွဲ့တို့တွေ့ဆုံညှိနှိုင်းကြကာ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး (NCA) သဘောတူစာချုပ်ကို (၁၅/၁၀/၂၀၁၅) ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ ထိုလက်မှတ်ရေးထိုးချုပ်ဆိုပွဲသို့ နိုင်ငံတကာမှ ကိုယ်စားလှယ်အချို့ အသိသက်သေအဖြစ် တက်ရောက်အားပေးခဲ့ကြပါသည်။

NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ယနေ့ထိတိုင် မိမိတို့ (KNLA) တပ်မတော်ဖက်မှ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း အတတ်နိုင်ဆုံးလိုက်နာရပ်တည်ခဲ့ပါသော်လည်း အစိုးရတပ်မတော်ဖက်မှ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအပေါ် လိုက်နာမှုမရှိဘဲ အဆက်မပြတ်ချိုးဖေါက်နေကြောင်းကို တွေ့ရှိရပါသည်။ထို့အတွက်ကြောင့် ဤသို့သောဖြစ်စဉ်များအပေါ် (မည်သူဖက်အမှား–မည်သူဖက်အမှန်)ကို ပြည်သူလူထုများ အဖွဲ့အစည်းတွင်းမှ လူပုဂ္ဂိုလ်များ သဘောတူစာချုပ်

လက်မှတ်ရေးထိုးစဉ် တက်ရောက်အားပေးကြသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များ အစိုးရတပ်မတော်အားထောက်ခံအားပေးကြသည့် နိုင်ငံများအနေဖြင့် အခြေအနေဖြစ်ရပ်မှန်များကို ဝေဖန်ပိုင်းခြားသုံးသပ်မှုပြုနိုင်ရန်အတွက် ဤကဲ့သို့အသိပေး ထုတ်ပြန်ခြင်းဖြစ်သည်။

ယနေ့လတ်တလောဖြစ်ရှိနေသောဖြစ်စဉ်များအရ မူတရော်ခရိုင်/တပ်မဟာ(၅) ရေိယာအတွင်းသို့ မိမိတို့၏ခွင့်ပြုချက်မရရှိဘဲ (၂/၃/၂၀၁၈)ရက်နေ့မှစ၍ အစိုးရတပ်မတော်တပ်ဖွဲ့ဝင်များမှ တပ်အင်အားအလုံးအရင်းဖြင့် မြေထိုးစက်များကိုပါ သယ်ဆောင်လာပြီး အဓမ္မလမ်းဖေါက်ခြင်းကို ပြုလုပ်ရန်စတင်ပြင်ဆင်နေပါသည်။ထိုအခြေအနေများကြောင့် နယ်မြေခံပြည်သူလူထုများ ကြောက်လန့်တကြားဖြင့် တောတွင်းသို့ထွက်ပြေးတိမ်းရှောင်ခိုအောင်းနေရပါသည်။ ထို့ပြင်ရွာသူရွာသားများရွာထဲကျန်ခဲ့သည့် မိမိပိုင်စားသောက်စရာများနှင့် ပစ္စည်းပစ္စယများ ပြန်ဝင်ယူသူများကို တွေ့ရှိပါက သေနတ်ဖြင့်ခြိမ်းခြောက်ပစ်ခတ်မှုပြုခြင်းကို နေ့စဉ်မပြတ်ပြုလုပ်နေပါသည်။ ဤသို့သောအခြေအနေများကြောင့် မိမိတို့ပြည်သူလူထုများ နေရပ်ရင်းဒေသတွင် ပြန်လည်လုပ်ကိုင်နေထိုင်စားသောက်၍မရတော့ဘဲ ဌာနေမဲ့ဒုက္ခသည် ကျီးလန့်စာစားဘဝဖြင့်ခိုလှုံနေကြရသည့်အတွက် နိုင်ငံတကာမိတ်ဆွေများနှင့်လက်တွဲလုပ်ကိုင်နေကြရသူများအနေဖြင့် ဤသို့သောအခြေအနေဖြစ်ရပ်မှန်များကို သိရှိရန်နှင့် လိုအပ်သလိုတဖက်တလမ်းမှ ဝိုင်းဝန်းပံ့ပိုးအကြံအဉာဏ်များ ပေးကြရန်လိုအပ်ပါသည်။မိမိတို့ခေါင်းဆောင်များမှာလည်း အစိုးရတပ်မတော်၏လမ်းဖေါက်ခြင်းအစီအစဉ်ကို ရပ်တန့်ထားရန်နှင့် တပ်ဖွဲ့ဝင်များကိုပြန်လည်ရုတ်သိမ်းပေးရန် အသိပေးအကြောင်းကြားခဲ့ပါသော်လည်း ၎င်းတို့အနေဖြင့် လုံးဝဂရုမစိုက်ဘဲ တပ်အင်အားကိုသာ ထပ်မံအားဖြည့်လျှက်ရှိနေပါသည်။ မိမိတို့တာဝန်ရှိခေါင်းဆောင်များမှ အတတ်နိုင်ဆုံးသွားရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်းသော်လည်း အထက်အမိန့်အရ ဆောင်ရွက်ရတာဖြစ်ကြောင်း ၎င်းတို့၏လုပ်ငန်းအစီအစဉ်ကို လုံးဝမရုတ်သိမ်းနိုင်ကြောင်းကိုသာ ပြန်လည်ပြောဆိုပါသည်။

ယနေ့ဖြစ်ရှိနေသောမူတရော်ခရိုင်/တပ်မဟာ(၅)မှ ဖြစ်စဉ်များအရ ပြန်လည်ဆန်းစစ်ပါက အစိုးရတပ်မတော်လှုပ်ရှားနေမှုများသည် သာမန်လမ်းဖေါက်လုပ်ခြင်းမဟုတ်တော့ဘဲ မိမိတို့အားအပြတ်ခြေမှုန်းပစ်ရန်နှင့် နယ်မြေစိုးမိုးရန်အတွက်ပြုလုပ်သောစစ်ရေးလှုပ်ရှားမှုပင်ဖြစ်သည်။ တချိန်ထဲမှာပင်အစိုးရတပ်မတော်မှ ၎င်းတို့အစီအစဉ်ကိုဆက်လက်လုပ်ဆောင်ခြင်း လက်ရှိတပ်အင်အားကို ပြန်လည်ရုတ်သိမ်းခြင်းမရှိဘဲ ထပ်မံအင်အားဖြည့်တင်းခြင်းများ ပြုလုပ်လာပါက မလွဲမသွေ လက်နက်ကိုင် ပဋိပက္ခအသွင်သို့ ပြန်လည်သက်ဝင်လာမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့်(စစ်ကိုမလိုလားပါ) သို့သော်တပ်မတော်ဘက်မှလေးစားလိုက်နာမှုမရှိပါက (နောက်ဆုံးအနေဖြင့်) အစိုးရတပ်မတော်၏ လှုပ်ရှားမှုအခြေအနေကို အကဲခတ်စောင့်ကြည့်ဦးမည်ဖြစ်၍ ရှောင်တိမ်းလို့မရနိုင်တော့သည့်အဆုံးတွင် လက်နက်ကိုင်ပဋိပက္ခ (တိုက်ပွဲ) ပြန်ဖြစ်ခဲ့သော် ပြည်သူလူထုအနေဖြင့်သော်လည်းကောင်း နိုင်ငံတကာအနေဖြင့်သော်လည်းကောင်း,အမှန်တကယ်သိရှိရန် (ဤလုပ်ရပ်သည် မိမိတို့ KNLA ၏လုပ်ရပ်ကြောင့်မဟုတ် အစိုးရတပ်မတော်၏လုပ်ရပ်ကြောင့်သာဖြစ်သည်) ဟုမှတ်ယူစေလိုပါသည်။

ယနေ့အချိန်ထိ မိမိတို့ဒေသခံတာဝန်ရှိသူများ၏ အစီရင်ခံတင်ပြချက်များအရ လမ်းဖောက်လုပ်ခြင်းကို မလုပ်ရန်အသိပေးတားမြစ်ခဲ့သော်လည်း လက်မခံဘဲမြေထိုးစက်များကို ထပ်မံပို့ဆောင်ခြင်း စစ်လက်နက်ပစ္စည်းများ အလုံးအရင်းထပ်မံပို့ဆောင်ခြင်း တပ်စခန်းများထပ်မံတိုးချဲ့ထားခြင်း ကတုတ်ကျင်းများတူးဖော်ခြင်း ပြည်သူလူထုတို့၏ တောင်ယာခင်းများနှင့်အနီးပတ်ဝန်းကျင်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြောက်လှန့်ခြင်း စသည့်လုပ်ဆောင်မှုများသည် လမ်းဖေါက်လုပ်ခြင်းကိုအကြောင်းပြုပြီး စစ်ဆင်ရေးကြီးတခု (Major Operation) ကို ပြုလုပ်ခြင်းသာဖြစ်ကြောင်းထင်ရှားနေပါသည်။

ယခုလိုအစိုးရတပ်မတော်၏ လုပ်ဆောင်ချက်များသည် (NCA) ပါအချက်များဖြစ်သော –

၁။ NCA အခန်း(၃) အပိုဒ် (၅) – (က/ခ/ဃ/ဠ)ကို သော်လည်းကောင်း

၂။ NCA အခန်း(၃) အပိုဒ် (၇) – (စ)ကို သော်လည်းကောင်း

၃။ NCA အခန်း(၃) အပိုဒ် (ဂ) – (ခ)ကို သော်လည်းကောင်း

၄။ NCA အခန်း(၃) အပိုဒ် (ဇ) – (ဂ) တို့ကို ချိုးဖောက်နေကြောင်း ထင်ရှားနေပါသည်။

ထို့အတွက်ကြောင့် အထက်ပါဖြစ်စဉ်များအရ မိမိတို့နှင့်အစိုးရတပ်မတော်တပ်ဖွဲ့ဝင်များအကြား ထိတွေ့ရင်ဆိုင်နေရသော ပဋိပက္ခအား (NCA) စာချုပ်ပါ သဘောတူညီချက်နှင့်အညီ ထိရောက်စွာ ဖြေရှင်းနိုင်ခြင်းမရှိတော့သည့်အပေါ် (NCA) စာချုပ်ပါသဘောတူညီချက်ကို အစိုးရတပ်မတော်ဖက်မှ ချိုးဖောက်ကျူးလွန်ခဲ့သည်မှာ ကြာပြီဖြစ်သည့်အတွက် မိမိတို့ KNLA–ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အနေဖြင့် ရေငုံနုတ်ဆိတ်နေမည်မဟုတ်တော့ဘဲ မိမိတို့အမျိုးသားများ၏ လုံခြုံရေးနှင့် အဖွဲ့အစည်းကိုကာကွယ်ပေးရန်အတွက် မလွှဲမသွေခုခံကာကွယ်သွားရမည်ဖြစ်ကြောင်း ပြည်တွင်းပြည်ပရှိပြည်သူလူထုအားလုံး ဤဖြစ်ရပ်မှန်များကို သိရှိနိုင်ရန်အတွက် မိမိတပ်မတော်၏ သဘောထားရပ်တည်ချက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် –

1 - + 66 ( 0918213615 )

2 - + 66 ( 0899575121 )

3 - + 66 ( 0879438750 )

ဗဟိုစစ်ဌာနချုပ်

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

ကော်သူးလေ